# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့
# ၁၉၆၆ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ။
## (၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃။)
## ၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။
## (၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)

အောက်ဖော်ပြပါဥပဒေကိုထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၆ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ချင်းအကျိုးသက်ရောက်ရမည်။

၂။ ။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာန တာဝန်ခံသည်၊ အောက်ပါဇယား များတွင် ဖော်ပြထားသော သက်ဆိုင်ရာအသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ ဘဏ္ဍာရံ ပုံငွေမှ ထုတ်ယူ၍ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ အထိ ကာလအတွင်း သုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၅ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲ ရေးဥပဒေ(၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၇) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**ပြည်ထောင်စု၏အသုံးစာရိတ်စာရင်း**

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | | | ခွဲဝေသည့်ငွေ | |
|---|---|---|---|---|
| | | | နောက်ထပ်ခွင့်ပြုငွေ | “စတိ”ခွင့်ပြုငွေ |
| | | | ကျပ် | ကျပ် |
| ပြည်ထဲရေး | ---- | ---- | ---- | ၁၂၀ |
| အမျိုးသားစီမံကိန်း | ---- | ---- | ---- | ၂၀ |
| ကျန်းမာရေး | ---- | ---- | ---- | ၁၀ |
| | ပေါင်း | ---- | ---- | ၁၅၀ |

Myanmar Law Information System (MLIS)

အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊
ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏အသုံးစရိတ်စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတိ"ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ | ---- | ၁၀ |
| ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာ စည်ပင်ရေးအဖွဲ့။ | ---- | ၁၀ |
| ပေါင်း ---- | ---- | ၂၀ |
| | | |

(ပုံ)ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

နေ့စွဲ၊ ရန်ကုန်မြို့၊ ၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။
(၁၉၆၆ ခုနှစ်၊ စက်တဘာလ ၄ ရက်။)

အမိန့်အရ၊
(ပုံ)ဗိုလ်မှူးကြီးကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရအဖွဲ့။

Myanmar Law Information System (MLIS)